# အကောက်ခွန်ဦးစီးဌာန၏ (၂၂-၇-၂၀၁၇) မှ (၃၁-၇-၂၀၁၇) အတွင်းခန့်မှန်းတန်ဖိုး ကျပ် (၁၁၃၂.၃၅၆) သန်းခန့်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ တားဆီး/ဖမ်းဆီးရမိခြင်း

၁။ အကောက်ခွန်ဦးစီးဌာန၏ လေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများပြုလုပ်ဆောင်ရွက်လျှက်ရှိရာ ဇူလိုင်လ (၂၁) ရက်နေ့မှ ဇူလိုင်လ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ ဖမ်းဆီးမှုမှာ (၁၃၂) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၁၃၂.၃၅၆) သန်း ခန့်ဖြစ်ပါသည်။

**(က) ဆိပ်ကမ်း**

ဆိပ်ကမ်းတားဆီးမှု အနေဖြင့် (၉) မှုရှိ၍ ခန့်မှန်းတန်ဖိုးမှာကျပ် (၂၃၀.၆၆) သန်းခန့်ရှိသည့်အနက် ၂၈-၇-၂၀၁၇ ရက်နေ့တွင် MITT ဆိပ်ကမ်း၌ Kaung Set Thurain Co., Ltd မှ ID No-100017751410 (17-2-2017) ဖြင့် တင်သွင်းလာသော Recon: Prime Mover , Brand- Mitsubishi Fuso , Mdl-2006, C/O Japan (1) U အားတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ သတ်မှတ်ဘောင်အောက် (၄) နှစ်နိမ့်နေပါသဖြင့် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၃.၂၁၂) သန်းခန့်အား တွေ့ရှိ၍ တားဆီးခဲ့ပါသည်။

**(ခ) နယ်မြေ**

နယ်မြေတားဆီးမှု အနေဖြင့် (၁၂၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးမှာကျပ် (၉၀၁.၆၉၆) သန်းခန့်ရှိသည့်အနက် ၂၈-၇-၂၀၁၇ ရက်နေ့တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် AD Van (၂) စီး နှင့် Ipsum (၁) စီးတို့အား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်၏ခေါင်မိုးပေါ်တွင် ငှက်ပျောသီးများဖြင့်ဖုံးအုပ်၍ လည်းကောင်း ၊ ယာဉ်၏ ရှေ့ နောက် ထိုင်ခုံအောက်ဘက်တွင်အံဝှက်များပြုလုပ်၍လည်းကောင်း ၊ ယာဉ်၏ ရှေ့နောက် ခြေနင်း နှင့် နောက် ဖုံးတွင်လည်းကောင်း ဖုံးအုပ်သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်စုံ (၇၂၁) တုံး (1505) kg ၊ ကျောက်စိမ်းလက်ကောက်ဟု ယူဆရသော ကျောက်လက်ကောက်ကွင်း (အကြမ်း) (၃၅၀) ကွင်း (25) kg နှင့် သယ်ဆောင်သည့်ယာဉ် (၃) စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၀၀) သန်းခန့်အားတွေ့ရှိ၍ တားဆီးခဲ့ပါသည်။



Prime Mover , Mitsubishi Fuso တားဆီးမှု မှတ်တမ်း ဓါတ်ပုံ



ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်စုံ ၊ ကျောက်စိမ်းလက်ကောက်ဟု ယူဆရသော
ကျောက်လက်ကောက်ကွင်း  တားဆီးမှု မှတ်တမ်း ဓါတ်ပုံ